“မွတ်စ်လင်မ် နှစ်ဦးသည် ဓားကိုယ်စီဖြင့် အချင်းချင်းရင်ဆိုင်တိုက်ခိုက်ကြသည့်အခါ သတ်သူနှင့် အသတ်ခံရသူ (နှစ်ဦးစလုံး) ငရဲမီးထဲသို့ ကျရောက်မည်ဖြစ်သည်။

အဗူဗက်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို
ကျွန်ုပ်ကြားသိခဲ့သည်။ “မွတ်စ်လင်မ် နှစ်ဦးသည် ဓားကိုယ်စီဖြင့် အချင်းချင်း
ရင်ဆိုင်တိုက်ခိုက်ကြသည့်အခါ သတ်သူနှင့် အသတ်ခံရသူ (နှစ်ဦးစလုံး) ငရဲမီးထဲသို့ကျရောက်မည်ဖြစ်သည်။”ထိုအခါ ကျွန်တော်က အို- အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်၊
သတ်သူ (ငရဲမီးထဲကျခြင်းကို သိပါသည်)။ အသတ်ခံရသူက အဘယ်ကြောင့်ကျရပါသနည်း
ဟုလျှောက်ထားရာ ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က “အမှန်တကယ်ပင်ထို(အသတ်ခံရ)သူသည်လည်း သူ၏ပြိုင်ဘက်ကို သတ်ရန် ဆန္ဒပြင်းပြခဲ့သူဖြစ်သည်”
ဟုမိန့်တော်မူသည်။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မွတ်စ်လင်မ်နှစ်ဦးသည် တစ်ဦးကိုတစ်ဦးသတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် ဓားကိုယ်စီဖြင့် ရင်ဆိုင်တိုက်ခိုက်ကြလျှင် သတ်သူသည်မိမိ၏ ပြိုင်ဘက်ကို သတ်လိုက်သည့်အတွက် ငရဲမီးသို့ ကျရောက်မည်ဖြစ်ကြောင်းမိန့်ကြားတော်မူခဲ့သည်။ ဆွဟာဗဟ် သာဝကများက အသတ်ခံရသူသည်မည်သည့်အတွက်‌ကြောင့်ဂျဟန္နမ်ကျရောက်သည်ကို နားမလည်နိုင်ဘဲ ဖြစ်နေခဲ့သည်။ ထိုအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာထို(အသတ်ခံရ)သူသည်လည်း သူ၏ပြိုင်ဘက်ကို သတ်ရန်ဆန္ဒရှိခဲ့သည့်အတွက်ဂျဟန္နမ်တွင်ကျရခြင်းဖြစ်သည်။ သတ်လိုက်သူက သူ့ထက် လက်ဦးသွားသည့်အတွက်ကြောင့်သာမသတ်လိုက်ရခြင်းဖြစ်သည်။

http://sunnah.global/hadeeth/my/show/4304